# FUNDAMENTAL DOCTRINES OF THE CHRISTIAN FAITH
## ခရစ်ယာန်ယုံကြည်ချက်ရဲ့ အခြေခံ ခံယူချက်များ

**THE BIBLE သမ္မာကျမ်းစာ**

လူတို့အပေါ် သန့်ရှင်းသော ဝိညာဉ်တော် မှုတ်သွင်းပြီး၊ ဘုရားသခင် ကိုယ်တိုင်ရေးသားသော ဓမ္မဟောင်း ၃၉ ကျမ်း၊ ဓမ္မသစ် ၂၇ ကျမ်းပါဝင်သော ၆၆ ကျမ်းပါ သမ္မာကျမ်းစာကို ယုံကြည်ပါသည်။ မူရင်းကျမ်းကို Verbal, တလုံးချင်း၊ plenary, တအုပ်လုံး မှုတ်သွင်းပြီး ခေတ်အဆက်ဆက် မပျက်မယွင်းစေဖို့ ဘုရားသခင် စောင့်ထိန်းထားသည်။ inerrancy အမှားမရှိ၊ infallibility ပျက်ယွင်းခြင်း မရှိ။ ဘုရားအလိုတော်ကို လူသိနိုင်ဖို့ အပြည့်စုံဆုံးနဲ့ နောက်ဆုံး ဖွင့်ပြသော ဗျာဒိတ်ဖြစ်ကြောင်း ယုံကြည်သည်။ ဓမ္မဟောင်းအတွက် Hebrew Masoretic Text မှ၊ ဓမ္မသစ်အတွက် Greek Received Text (Textus Receptus) မှ ဘာသာပြန်သော ကျမ်းများကိုသာ အသုံးပြုသည်။
အင်္ဂလိပ် ကျမ်းစာအတွက်ဆိုလျှင် King James Version သာလျှင် အကောင်းဆုံးဟု ယုံကြည် လက်ခံ အသုံးပြုသည်။ မြန်မာကျမ်းစာအတွက်ဆိုလျှင် ဆရာယုဒသန်ကျမ်းစာသာ အကောင်းဆုံး ဟု ယုံကြည် လက်ခံ အသုံးပြုပါသည်။
ယုံကြည်ချက်နှင့် လက်တွေ့ကျင့်သုံးဖို့ အဆုံးအဖြတ် ပေးနိုင်သူမှာ သမ္မာကျမ်းစာသာ ဖြစ်သည်ဟု ယုံကြည်သည်။ (ဆာလံ ၁၂း ၆- ၇။ ၂ တိ ၃း ၁၆။ ၂ ပေ ၁း ၁၉- ၂၁)

**THE TRINITY သုံးပါးတဆူ**

***The Godhead ဘုရားသခင်***

ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်ဟူသော ပုဂ္ဂိုလ်သုံးပါး ဂုဏ်တော်တူ၊ တပါးစီ ရှိလျက်၊ သုံးပါးတဆူ၊ သုံးပါး အညီအညွတ် ရှိတော်မူသော အသက်ရှင်သော တဆူတည်းသော ဘုရားသခင်ကို ယုံကြည်ပါသည်။ ခမည်းတော်တပါး၊ သားတော်တပါး၊ ဝိညာဉ်တော်တပါး ရှိသော်လည်း ဘုန်းအသရေနဲ့ ကြီးမြတ်ခြင်းမှာ ထာဝရတည်သော ဘုရားတဆူတည်း ဖြစ်တော်မူသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်တို့၏ ဂုဏ်တော် တူသည်။ ကျမ်းစာပါ သွန်သင်ချက်ဖြစ်ပြီး၊ နားလည်ရ ခက်သော်လည်း ယုံကြည်ခြင်းဖြင့် ခံယူရသည်။

***God the Father ခမည်းတော်ဘုရားသခင်***

ကောင်းကင်နှင့် မြေကြီး၊ မျက်မြင်ရ၊ မျက်မြင်မရ အရာအားလုံးကို ဖန်ဆင်းတော်မူသော တဆူတည်းသော ခမည်းတော်ဘုရားသခင်ကို ယုံကြည်ပါသည်။ ခမည်းတော်ဘုရားသခင်မှာ ဖန်ဆင်းခံ မဟုတ်။ ဖွါးမြင်လာခြင်း မဟုတ်၊ ထာဝရတည်သည်။

***God the Son သားတော်ဘုရားသခင်***

သခင်ယေရှုခရစ်တော်တည်းဟူသော သားတော်ဘုရားသခင်မှာ ဖန်ဆင်းခံ မဟုတ်။ ကမ္ဘာမတည် မရှိမှီ ကတည်းက ခမည်းတော်ဘုရားက ထာဝရ ဖြစ်ပွါးစေတော်မူသောသူ ဖြစ်သည်။ (ကောလောသဲ ၁း ၁၆- ၁၇။ ယော ၁း ၁) သားတော်က လူ့ဇာတိခံယူ၍ လူတို့ထံတွင် နေထိုင်ခဲ့သည်။ (ယော ၁း ၁၄) လူဖြစ်လာရသော်လည်း ဘုရားအဖြစ်မှ ရွေ့လျော့ခြင်း မရှိ။ ဘုရားဂုဏ်တော်တည်သလို၊ လူအဖြစ်၌ ဘုရား အုပ်စိုးခြင်းကိုလည်း ခံယူသည်။ (ဖိလိပ္ပိ ၂း ၆။ ယော ၁၀း ၃၀။ ဖိလိပ္ပိ ၂း ၇-၈။ ဟေဗြဲ ၂း ၉) ဘုရားသဘာဝ ရှိသည့်ဖြစ်၍ စုံစမ်းခြင်းကို ကြုံရသော်လည်း အပြစ်မပြုနိုင်၊ အပြစ်ကင်းစွာ အသက်ရှင်သည်။ (၂ကော ၅း ၂၁။ ဟေဗြဲ ၄း ၁၅) ယေရှုခရစ်တော်သည် အသေခံ၍ သင်္ဂြိုဟ်ပြီးမှ၊ ၃ ရက်မြောက်နေ့တွင် ဘုန်းအသရေနှင့် အသက်ပြန်ရှင်တော်မူကြောင်း ယုံကြည်သည်။ (၁ ကော ၁၅း ၃) ယခုတွင် ဘုရားသခင်၏ လက်ယာဖက်၌ ထိုင်နေတော်မူ၍၊ ကယ်တင်ရှင်ကို ယုံကြည် ကိုးစား သူများအတွက် ဆုတောင်းပေးသည်။ ယဇ်ပရောဟတ်မင်းနှင့် အမှုဆောင်အရာရှိ (ရှေ့နေ) အဖြစ် ဆောင်ရွက်ပေးသည်။ (ဟေဗြဲ ၈း ၁။ ဟေဗြဲ ၄း ၁၄- ၁၆။ ဟေဗြဲ ၂း ၁၇။ ၁ ယော ၂း ၁။ ဟေရှာယ ၅၃း ၁၂)

***God the Holy Spirit ဝိညာဉ်တော်ဘုရားသခင်***

သန့်ရှင်းသော ဝိညာဉ်တော်ဘုရားသည် ဖန်ဆင်းခံ မဟုတ်။ ဖွါးမြင်လာခြင်း မဟုတ်ဘဲ ထာဝရ တည်သည်။ ခမည်းတော်နှင့် သားတော်အားဖြင့် အလုပ် လုပ်ဆောင်သည်။ လောကီသားတို့၏ အပြစ်ကို ဖေါ်ပြပြီး၊ ဖြောင့်မတ်ခြင်း၊ တရားစီရင်ခြင်းတို့ကို ဖေါ်ပြသည်။ အသစ်တဖန် မွေးဖွါးခြင်း၌ အဓိက လုပ်ဆောင်ပေးလျက် ယုံကြည်သူ့အထဲ၌ ကျိန်းဝပ်ကာ ရွေးနုတ်ခြင်း နေ့ရက်တိုင်အောင် တံဆိပ်ခတ်ပေးသည်။ (ယော ၁၆း ၈- ၁၁။ ရောမ ၈း ၉။ ဧဖက် ၁း ၁၃- ၁၄)

## DIETY OF JESUS CHRIST OUR LORD သခင်ယေရှုခရစ်၏ ဘုရားဇာတိတော်

ယေရှုခရစ်တော်သည် လူ့ဇာတိကို ခံယူသော်လည်း ဘုရားဂုဏ်တော် မပျက်ပါ။ ဘုရားသခင်၏ သားတော်ဖြစ်သလို၊ သားတော်ဘုရားသခင်လည်း ဖြစ်သည်။ ကနဦးအသင်းတော်တွင် ဤအချက်ကို လုံးဝ သံသယ မဖြစ်ကြဘဲ၊ ယုံကြည်ချက်အဖြစ် လက်ခံပြီးသား ဖြစ်သည်။ (Apostles Creed, Nicene Creed, Athanasian Creed တို့ကို ကြည့်ပါ။) ခရစ်တော်၏ ဘုရားဇာတိကို သမ္မာကျမ်းစာက သက်သေ ထင်ရှားစွာ ပြနေပါသည်။

1. ဘုရားဖြစ်ကြောင်း ကျမ်းစာအားဖြင့် သိစေသည်။ (ဟေရှာယ ၉း ၆။ ယောဟန် ၁း ၁။ ဟေဗြဲ ၁း ၈။ မဿဲ ၁း ၂၃ နှင့် ဟေရှာယ ၇း ၁၄ ကို နှိုင်းယှဉ်ပါ။ ယောယန် ၂၀း ၂၈။ တမန် ၇း ၅၉။ တမန် ၂၀း ၂၈။ တိတု ၂း ၁၃။ ၂ ပေ ၁း ၁။ ဟေဗြဲ ၁း ၃။ ယောဟန် ၁၄း ၇-၉)
2. ဘွဲ့နာမတော်များက ဘုရားသခင်နှင့် ကယ်တင်ရှင်အတွက် သုံးသော နာမတော်များ ဖြစ်နေသည်။ (၂ပေ ၃း ၁၈ နှင့် ဟေရှာယ ၄၃း ၁၁ ကို နှိုင်းယှဉ်ပါ။) "ငါ ဖြစ်သည်" (ယောဟန် ၈း ၅၈ နှင့် ထွက်မြောက်ရာ ၃း ၁၄ ကို နှိုင်းယှဉ်ပါ။) "အဦးဆုံးသောသူနှင့် နောက်ဆုံးသောသူ" (ဗျာဒိတ် ၁း ၁၇ နှင့် ဟေရှာယ ၄၄း ၆ ကို နှိုင်းယှဉ်ပါ။) "အာလဖနှင့် ဩမေဃ" (ဗျာဒိတ် ၁း ၁၁ နှင့် ဗျာဒိတ် ၁း ၈ ကို နှိုင်းယှဉ်ပါ။)
3. ကိုးကွယ်မှုကို လက်ခံတော်မူသည်။ (ဖိလိပ္ပိ ၂း ၁၀- ၁၁ နှင့် ရောမ ၁၄း ၁၁- ၁၂ ကို နှိုင်းယှဉ်ပါ။ လုကာ ၂၄း ၅၂ နှင့် ထွက်မြောက်ရာ ၂၀း ၄- ၅ ကို နှိုင်းယှဉ်ပါ။)
4. ဘုရားတန်ခိုးတော်များကြောင့် - ထာဝရအသက်ပေးပိုင်သည်။ (ယောဟန် ၁၀း ၂၈)၊ အပြစ် လွှတ်နိုင်သည်။ (မာကု ၂း ၅- ၁၀) သဘာဝကို အောင်နိုင်သည်။ (မာသဲ ၈း ၂၆- ၂၇)၊ သေခြင်းကို အောင်နိုင်သည်။ (လုကာ ၇း ၁၄- ၁၅။ ယောဟန် ၅း ၂၅။ ၂ တိ ၁း ၁၀) မာရ်နတ်ကို အောင်နိုင်သည်။ (ဟေဗြဲ ၂း ၁၄)၊ နေရာတိုင်းမှာ ရှိသည်။ (မဿဲ ၁၈း ၂၀၊ ၂၈း ၂၀)၊ အလုံးစုံကို သိမြင်သည်။ (ယောဟန် ၂း ၂၄- ၂၅။ ၁၆း ၃၀)၊ပြောင်းလဲခြင်း မရှိ။ (ဟေဗြဲ ၁၃း ၈)၊ ထာဝရတည်သည်။ (ယောဟန် ၁း ၁။ ဟေဗြဲ ၁၃း ၈။ မိက္ခာ ၅း ၂)၊ အပြစ်ကင်းစင်သည်။ (၂ကော ၅း ၂၁။ ဟေဗြဲ ၄း ၁၅။ ၁ ယော ၃း ၅)။
5. ကျမ်းစာက ခရစ်တော်သည် ဖန်ဆင်းရှင် ဖြစ်ကြောင်း ဖေါ်ပြသည်။ (ယောဟန် ၁း ၃။ ကောလောသဲ ၁း ၁၆။ ယောဟန် ၁း ၁၀။ ၁ ကော ၈း ၆ နှင့် ကမ္ဘာ ၁း ၁။ ဟေရှာယ ၄၄း ၂၄ ကို နှိုင်းယှဉ်ပါ။)
6. မေရှိယအဖြစ် ကြွလာခြင်း၊ သက်တော်စဉ်၊ အသေခံခြင်းနှင့် ကားတိုင်မှာ အသတ်ခံရခြင်း အကြောင်း တို့ကို ဖေါ်ပြသဖြင့် ဓမ္မဟောင်းကျမ်း၏ အဓိက အကြောင်းအရာမှာ သခင်ယေရှု ဖြစ်သည်။ (ဟေရှာယ ၇း ၁၄။ ၉း ၆၊ ၅၃။ မိက္ခာ ၅း ၂။ ဇာခရိ ၉း ၉။ ဆာလံ ၂၂။ ဇာခရိ ၁၃း ၆ နှင့် အခြား ကျမ်းချက်များ၊ ဓမ္မဟောင်းတွင် မေရှိယအကြောင်း ပရောဖက်ပြုချက် ၁၉၁ ချက် ပါသည်။)

ယေရှုခရစ်တော် ဘုရားဖြစ်ခြင်းအကြောင်းလောက် ယုံကြည်ခြင်းမှာ အဓိကကျသော အရာ မရှိပါ။ ခရစ်တော်၏ ဘုရားသခင်ဖြစ်ခြင်းနဲ့ ခရစ်ယာန် ယုံကြည်ခြင်းနဲ့ ဆက်နွယ်နေခြင်းဟာ အံ့အားသင့်စရာ ကောင်းသည်။

ယေရှုခရစ်သည် ဘုရားစင်စစ်ဖြစ်လျက်၊ ကိုယ်ကိုကိုယ် နှိမ့်ချကာ၊ လူဇာတိကို ခံယူလျက်၊ အပြစ်ရှိသူများရဲ့ လက်မှာ နှိမ့်ချစွာ ရိုက်နှက်ခြင်းကို ခံခဲ့သည်။ ဝေဒနာကို အပြင်းအထန်ခံစား၍ ကားတိုင်မှာ သံမှိုစွဲ ရိုက်နှက်ခြင်းကို ခံရသည်။ လူတို့၏ အတိတ်၊ ယခုနှင့် နောင်လာမည့် အပြစ်များအားလုံးအတွက် ကိုယ်စား ယူတင်ဝတ်ဆောင်၍ ခမည်းတော်၏ ထာဝရမေတ္တာတော်မှ စွန့်ပစ်ခံရသည်။ လူတို့ကိုယ်စား ဘုရား အမျက်တော်ကို ခံယူ၍ အသွေးတော်နှင့် ရွေးနုတ်ဝယ်ယူခဲ့သည်။ ဖန်ဆင်းရှင်ဘုရားက မထိုက်တန်သော လူသားများအတွက် ပေးဆပ်ခဲ့၍ ကယ်တင်ခြင်းသည် စိတ်ချလုံခြုံစရာ ကောင်းလှသည်။ တဖက်မှာလည်း

ဘုရားသခင်၏ တပါးတည်းသော သားတော် အသေခံခြင်းကို လက်မခံဘဲ၊ ကယ်တင်ခြင်းတရားကို ငြင်းပယ်ခြင်းအပေါ် ဘုရားအမျက်တော် အတိုင်းအတာ ကြီးမားလှကြောင်း တွေ့နိုင်သည်။

## INCARNATION/VIRGIN BIRTH လူ့ဇာတိခံယူခြင်း

ထာဝရကာလကတည်းက တည်ရှိသော ဘုရားသားတော်သည် လူ့ဇာတိကို ခံယူသောအခါ ဘုရားဂုဏ်တော် မလျော့ပါ။ "နှုတ်ကပတ်တော်သည် လူ့ဇာတိကို ခံယူ၍ … " (ယောဟန် ၁း ၁၄)။ "ကာလအချိန်စေ့သောအခါ …. သားတော်ကို ဘုရားသခင်သည် စေလွှတ်တော်မူ၏" (ဂလာတိ ၄း ၄) "လူကဲ့သို့သော အဖြစ်၌ …. လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏။" (ဖိလိပ္ပိ ၂း ၇-၈) "ခပ်သိမ်းသော ဒုစရိုက်မှ ငါတို့ကို ရွေးနှုတ်ခြင်းငှါ၎င်း .. ကိုယ်ကိုကိုယ် စွန့်ကြဲတော်မူပြီ။" (တိတု ၂း ၁၄) သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် အပျိုကညာ မာရိ၌ ဖွါးမြင်ခြင်းသည် တခြားသူအားလုံးနှင့်မတူ အလွန်ထူးခြားစွာ ဘုရားအဖြစ်မှ လူအဖြစ်ကို ခံယူခြင်းဖြစ်သည်။ (ဟေရှာယ ၇း၁၄။ မဿဲ ၁း ၂၃။ လုကာ ၁း ၃၄။ မဿဲ ၁း ၁၈။ ဟေဗြဲ ၁း ၈)။

## SUBSTITUTIONARY (VICARIOUS) ATONEMENT ကိုယ်စားအသေခံ၍ တခါတည်းအပြီး အပြစ်ဖြေပေးခြင်း

ယေရှုခရစ်တော်သည် ဘုရားသခင်၏ သားတော် ဖြစ်သလို၊ သားတော်ဘုရားသခင်လည်း ဖြစ်သည်။ လူတို့အပြစ်များအတွက် ပေးထိုက်သော အပြစ်ဒဏ်ကို ကိုယ်စားအသေခံ အသွေးသွန်းလောင်း ယဇ်ပူဇော်ပေးသော မေရှိယ ကယ်တင်ရှင်ဖြစ်သည်။ (ရောမ ၅း ၁၂၊ ၆း ၂၃၊ ၈း ၁၂) "ငါတို့အပြစ်ကြောင့် အပ်နှံခြင်းကို ခံတော်မူ၏။ ငါတို့သည် ဖြောင့်မတ်ရာသို့ ရောက်မည့်အကြောင်း ထမြောက်တော်မူ၏။" (ရောမ ၄း ၂၅)။ အာဗြဟံရဲ့သားကိုယ်စား သိုးသငယ် ပြင်ဆင်ပေးသလို၊ လူတို့ ကိုယ်စား သားတော်ကို ပြင်ဆင်ပေးခြင်းဖြစ်သည်။ (ဟေဗြဲ ၁၀း ၁- ၈၊ ၁၇- ၁၈၊ ၉း ၂၂။ ၁ ယော ၂း ၂။ ဟေရှာယ ၅၃း ၄- ၅) ဣသရေလတို့ရဲ့ ယဇ်ပူဇော်မှု မှန်သမျှသည် အပြစ်သားကိုယ်စား အသေခံ အသွေးသွန်းပေးခြင်းမှာ အခြေခံသည်။ ခရစ်တော်က အပြစ်သားကိုယ်စား သိုးသငယ်လို ယဇ်ပူဇော် ပေးသည်။ (ဟေဗြဲ ၁၀း ၁- ၁၂၊ ၁၇- ၁၈၊ ၉း ၂၂။ ၁ ယော ၂း ၂။ ၁ ယော ၄း ၁၀။ တိတု ၂း ၁၄)။ အသွေးသွန်းပေးခြင်းကြောင့် လူ့အပြစ်လွတ်ခွင့်ရသည်။ "ငါတို့သည် အပြစ်နှင့် ဆိုင်သောအရာ၌ အသေဖြစ်၍၊ ဖြောင့်မတ်ခြင်းအရာ၌ အသက်ရှင်စေမည့်အကြောင်း ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာ ခံတော်မူပြီ။ ဒဏ်ချက်တော်များအားဖြင့် သင်တို့သည် အနာပျောက်လျက်ရှိကြ၏။" (၁ပေ ၂း ၂၄)

## BODILY RESURRECTION ကိုယ်ခန္ဓာနှင့် ရှင်ပြန် ထမြောက်ခြင်း

ယေရှုခရစ်တော်သည် သေခြင်းမှ ကိုယ်ခန္ဓာနှင့်တကွ ပြန်ရှင်လာသည်။ ကားတိုင်မှာ အသတ်ခံရ၍၊ သင်္ဂြိုဟ်ပြီးနောက် ၃ ရက်မြောက်နေ့မှာ ကျမ်းစာလာသည့်အတိုင်း အသက်ပြန်ရှင်သည်။ (၁ ကော ၁၅း ၃-၄) အသက်ပြန်ရှင်ပြီးနောက် တမန်တော် ၁၂ ပါး၊ တပည့်တော် ၅၀၀ တို့ကို ရက်ပေါင်း ၄၀ ကိုယ်ထင်ပြ တွေ့ဆုံခဲ့သည်။ (တမန် ၁း ၃။ ၁ ကော ၁၅း ၅- ၉) ခြေတော်၊ နံတော်၊ လက်တော်ရှိ ဒဏ်ရာများကို ပြတော်မူသည်။ ဝိညာဉ်မျှသာမဟုတ်၊ အရိုးအသားနှင့် ပြည့်စုံကြောင်း သိနိုင်ရန် တို့ကြည့်ကိုင်ကြည့်ဖို့ ပြောသည်။ (လုကာ ၂၄း ၃၈- ၃၉။ ယောဟန် ၂၀း ၂၇) သူတို့နှင့်အတူ တကြိမ်မက စားသောက်ပြသည်။ (ယောဟန် ၂၁း ၁၂၊ ၁၅။ လုကာ ၂၄း ၄၁-၄၃)။

## IMMINENT RETURN OF JESUS CHRIST OUR LORD သခင်ယေရှုခရစ် ဒုတိယအကြိမ်ကြွလာခြင်း

ကောင်းကင်ကို တက်ကြွခဲ့သော ပုံစံအတိုင်း မြေပေါ်ကို ပြန်ကြွလာမယ်လို့ ယုံကြည်သည်။ (တမန် ၁း ၁၁) ခရစ်တော်၌ သေလွန်သူ၊ အသက်ရှင်လျက်ရှိသူတို့ကို မိုးတိမ်ပေါ်သို့ ပထမဦးစွာ ချီဆောင်သိမ်းဆည်းမည်။ (ယောဟန် ၁၄း ၂-၃။ ၁သက် ၄း ၁၅- ၁၇) ချီဆောင်ခြင်းဟာ အသင်းတော်အတွက် အလွန် ခွန်အားရစေသလို၊ ယုံကြည်ချက် ကြေညာစာတမ်း creeds များမှာလည်း ပါဝင်လေ့ရှိသည်။

သမ္မာကျမ်းစာက ပြန်ရှင်လာတဲ့ ကိုယ်ခန္ဓာတွေသည် မပုပ်မပျက်၊ မသေတော့ဘဲ "တခဏခြင်းတွင် မျက်စိတမှိတ်၌" ပြောင်းလဲသွားမယ်ဟု ဆိုသည်။ (၁ကော ၁၅း ၅၂- ၅၄) ဘေးဒဏ်ကြီးကာလ မတိုင်ခင် အသက်ရှင်တဲ့ ဘုရားသခင်ရဲ့ အသင်းတော်ကို ချီဆောင်ပြီး၊ ချီဆောင်ခြင်း မတိုင်မှီ ဘေးဒုက္ခနဲ့ စစ်ကြောခြင်းတွေ ရှိမယ်ဟု ယုံကြည်သည်။ (၁ သက် ၁း ၁၀၊ ၄း ၁၆- ၁၈။ ဗျာဒိတ် ၃း ၁၀) တက်ကြွသွားတဲ့ ကိုယ်ခန္ဓာအတိုင်း သန့်ရှင်းသူတွေ၊ ကောင်းကင်တမန်တွေနဲ့အတူ အနှစ်တထောင် နိုင်ငံတော် တည်ထောင်ဖို့ ကြွလာမည်။ (တမန် ၁း ၁၁) ထိုကိုယ်ခန္ဓာသည် ဓမ္မဟောင်း၊ ဓမ္မသစ် ပရောဖက်ပြုချက်တွေမှာ ဖေါ်ပြထားတဲ့ ကိုယ်ခန္ဓာ ဖြစ်သည်။ (ဆာလံ ၂။ ၁၁၀။ ဟေရှာယ ၉း ၆- ၇။ ဒံယေလ ၇း ၁၃- ၁၄။ ဇာခရိ ၂း ၁၀- ၁၁။ ၁၄း ၁- ၉။ မသဲ ၂၄း ၃။ လုကာ ၁၂း ၄၀။ ၂ သက် ၁း ၇- ၁၀။ ၂ ပေ ၃း ၁၀။ ယုဒ ၁၄-၁၅။ ဗျာဒိတ် ၁း ၇- ၈) ပရောဖက်ပြုချက်တွေကို စေ့စေ့လေ့လာကြည့်လျှင် ဒုတိယ ကြွလာခြင်းသည် ဘေးဒဏ်ကြီးကာလ အပြီးနဲ့ အနှစ်တထောင် နိုင်ငံတော် မတိုင်မှီ ကြွလာမည်။ ချီဆောင်ခြင်းက အသင်းတော်အတွက် ခရစ်တော် ကြွလာတာဖြစ်သည်။ ဒုတိယ ကြွလာခြင်းက အသင်းတော်နဲ့အတူ အနှစ်တထောင် အုပ်စိုးဖို့ ဖြစ်သည်။ ဒုတိယ ကြွလာခြင်းရဲ့ အဓိက ရည်ရွယ်ချက်က လောကီသားတွေကို တရားစီရင်ဖို့၊ ဘေးဒဏ်ကြီးကာလအတွင်း ကယ်တင်ခြင်း ရသူတွေကို ကယ်တင်ပြီး၊ ဒါဝိဒ်ရဲ့ နိုင်ငံတော် တည်ထောင်ဖို့ ဖြစ်သည်။ (ဗျာဒိတ် ၂၀း ၁၂- ၁၅။ မသဲ ၂၄း ၂၂။ အာမုတ် ၉း ၁၁- ၁၅။ လုကာ ၁း ၃၂- ၃၃)။ ဒုတိယ ကြွလာသောအခါ စာတန်ကို ချည်နှောင်ပြီး အနက်ဆုံးသောတွင်းထဲမှာ အနှစ်တထောင် ချုပ်မည်။ (ဗျာဒိတ် ၂၀း ၁- ၃)။ အနှစ်တထောင်ပြီးမှ ခဏပြန်လွှတ်မည်။ ပြီးလျှင် သူ့ကို နောက်ဆုံးတရားစီရင်မည်။ စာတန်ကို သားရဲ၊ မိစ္ဆာပရောဖက်တို့နဲ့အတူ မီးငရဲအိုင်မှာ ပစ်ချမည်။ "ကန့်နှင့် ရောနှောသော မီးအိုင်ထဲသို့ ချပစ်လျှင်၊ သူတို့သည် နေ့ညမပြတ် ကမ္ဘာအဆက်ဆက် ပြင်းစွာသော ဝေဒနာကို ခံရကြလတံ့။" (ဗျာဒိတ် ၂၀း ၁၀) ဒုတိယ ကြွလာခြင်းသည် ကျမ်းစာပြည့်စုံလာဖို့ အဓိကအချက်ဖြစ်ပြီး၊ သမိုင်းရဲ့ နိဂုံးနဲ့ နိုင်ငံတော်ရဲ့ နိဂုံးလည်း ဖြစ်သည်။

## CREATION ဖန်ဆင်းခြင်း

စကြဝဠာကြီး တခုလုံးကို ၂၄ နာရီ- ရိုးရိုးရက်မျိုး ၆ ရက်တည်းနဲ့ ဖန်ဆင်းတယ်လို့ ယုံကြည်သည်။ (ကမ္ဘာ ၁း ၁- ၂၇)။ သမ္မာကျမ်းစာမှတ်တမ်းကို အပေးအယူ လုပ်တဲ့ gap theory, long day theory, theistic evolution, နဲ့ progressive creation စတဲ့ သီအိုရီတွေကို ပယ်ပါသည်။ evolution ဆိုတာ အယူမှား တခုလို့ ခံယူပြီး၊ ဘုရားနှုတ်ကပတ်တော်ကို ရဲရဲဝံ့ဝံ့ မရှက်မကြောက် ဟောပြောပါသည်။

## THE DEVIL မာရ်နတ်

စာတန်သည် ဘုရားသခင်ဖန်ဆင်းထားတဲ့ အဆင့်မြင့်တဲ့ ကောင်းကင်တမန် ခေရုဗင်တပါး ဖြစ်သည်။ လှသည်။ ဉာဏ်ရှိသည်။ အစစအရာရာမှာ စုံလင်သည်။ လွတ်လပ်စွာ ဆုံးဖြတ်ခွင့်ရှိသည်။ (ဧဇက် ၆း ၁၁- ၁၂) မာနတက်၍ ကိုယ်ကိုကိုယ် ချီးမြှောက်ပြီး ဘုရားကို အံတုသည်။ အမြင့်ဆုံးမှာ ဘုရားလို နေချင်သည်။ (ဟေရှာယ ၁၄း ၁၃- ၁၄။ မသဲ ၄း ၉)။ ကျဆင်းပြီးနောက် ကောင်းကင်တမန်တွေကို ဆွဲခေါ်သွားသည်။ တချို့ကို ထာဝရသံကြိုးနဲ့ ချည်နှောင်ပြီး၊ တရားစီရင်ဖို့ ချုပ်ထားရသည်။ (ယုဒ ၁း ၆) သူ့ကို အာကာသ ကောင်းကင်ကို အစိုးရသော မင်း (ဧဖက် ၂း ၂) ဤလောကရဲ့ ဘုရား (၂ကော ၄း ၄)၊ ဘုရားသခင်၏ ရန်သူ (ဧဇက် ၆း ၁၁- ၁၃) ဟုလည်း ခေါ်သည်။ တနေ့သောအခါ ဘုရားသခင်က သူ့ကို မီးငရဲအိုင်မှာ ကောင်းကင်တမန်တွေနဲ့အတူ ပစ်ချမည်။ (မသဲ ၂၅း ၄၁။ ဟေရှာယ ၁၄း ၁၅။ ဗျာဒိတ် ၂၀း ၁၀)။ စာတန်ဟာ လိမ်လည်၊ လှည့်ဖျားသူ၊ လူသတ်သမား ဖြစ်သည်။ (ယောဟန် ၈း ၄၄။ ဗျာဒိတ် ၁၃း ၁၄- ၁၅)။ သူ့ရည်ရွယ်ချက်က လူတွေ ဘုရားအလိုတော်နဲ့ ကယ်တင်ခြင်းတရားကို မသိအောင် ကွယ်စေဖို့ ဖြစ်သည်။ (၂ကော ၄း ၄။ မသဲ ၁၃း ၁၉။ ကမ္ဘာ ၃း ၁- ၇။ မသဲ ၁၃း ၃၉) အဘယ်သူကို မြိုရမလဲ ဆိုပြီး ကမ္ဘာပတ်နေသည်။ (၁ ပေ ၅း ၈)။ ဘုရားသခင်ရှေ့မှာ ညီအကိုတွေကို နေ့၊ ည မပြတ် အပြစ်တင်နေသူ ဖြစ်သည်။ (ဗျာဒိတ် ၁၂း ၁၀) သူရဲ့အုပ်စိုးခံ ကျဆင်းတဲ့ ကောင်းကင်တမန်တွေက သူ့ကို ကူညီကြသည်။

## MAN လူ

လူကို ဖေဒင်ဥယျာဉ်မှာ အပြစ်မရှိ၊ ဘုန်းအသရေနဲ့ ပြည့်ဝပြီး ဘုရားသခင်၏ ပုံသဏ္ဍာန်နဲ့အညီ ဖန်ဆင်းကြောင်း ယုံကြည်သည်။ (ကမ္ဘာ ၁း ၂၇) သို့သော် ရွေးချယ်ပိုင်ခွင့်ရှိသော စိတ် moral agency ရှိသည်။ (ကမ္ဘာ ၃း ၁၁) စာတန်ရောက်လာပြီး ဘုရားစကား နားမထောင်ဖို့ လှည့်ဖျားရာမှာ ပါသွားသည်။ (ကမ္ဘာ ၃း ၁၃) ဖေဒင်မှာ အာဒံနဲ့ဧဝ နားမထောင်ခဲ့သောကြောင့် လူတို့ အပြစ်သား ဖြစ်ရသည်။ ဘုရားနဲ့ ဝေးကွာပြီး အပြစ်စီရင်ခြင်း ခံနေရသည်။ (ရောမ ၅း ၁၂) ဗီဇကြောင့် ယို့ယွင်းသလို၊ ပင်ကိုယ် သဘာဝ ကြောင့် အပြစ်သား ဖြစ်ကြရသည်။ (ဆာလံ ၅၁း ၅) ပင်ကိုယ်သဘာဝကြောင့် ယို့ယွင်းသလို၊ ကိုယ်တိုင် လုပ်၍ အပြစ်သား ဖြစ်ရသည်။ "အမျက်တော်ခံရာ" လူသားများ ဖြစ်ရသည်။ (ဖေက် ၂း ၃။ ရောမ ၃း ၁၀-၁၁၊ ၂၃။ ကမ္ဘာ ၈း ၂၁) မွေးကတည်းက ယို့ယွင်းပြီး ဘုရားမပါ။ ကိုယ့်အမှားကိုလည်း မစင်ကြယ်စေနိုင်ပါ။ အမျက်တော်ခံဖို့သာ ဖြစ်သည်။ (ယောဟန် ၃း ၃၆) သခင်ယေရှုမပါလျှင် လူသည် ဘုရားအမျက်တော် ခံဖို့သာ ဖြစ်သည်။ (ရောမ ၈း ၇)

## HEAVEN AND HELL ကောင်းကင်နဲ့ ငရဲ

ငရဲ တကယ်ရှိပြီး၊ ထာဝရမီးလျှံများကြားမှာ ဝေဒနာ ခံစားရလိမ့်မည်။ သခင်ယေရှုခရစ်တော်ကို ကယ်တင်ရှင်အဖြစ် ယုံကြည်သူအတွက် ထာဝရကာလအတွက် ကောင်းကင် တကယ်ရှိသည်ဟု ယုံကြည်သည်။ ထာဝရကာလ ရှိသည်။ ယေရှုခရစ်တော်ကို ယုံကြည်လက်ခံသူအတွက် ကောင်းကင်တွင် ထာဝရအသက်ရှင်ရပြီး၊ ငြင်းပယ်သူအတွက် ထာဝရငရဲ ဖြစ်သည်။ (၂ သက် ၁း ၈- ၉) ထာဝရကယ်တင်ခြင်းနဲ့ ထာဝရ အပြစ်စီရင်ခြင်း လမ်းနှစ်သွယ် ရှိသည်။ (မသဲ ၇း ၁၃- ၁၄) မသဲ ၂၅း ၄၆)။ ဘုရားသခင်၏ သား (သို့) ပျက်စီးခြင်း၏ သား ဖြစ်ရသည်။ (၁ယော ၃း ၁၀)။ အလင်း (သို့) အမှောင်မှာ ကျင်လည်ကြသည်။ (၁ယော ၁း ၅- ၆) ဝိညာဉ် (သို့) ဇာတိသဘောနဲ့ အသက်ရှင်ကြသည်။ (ရောမ ၈း ၄- ၈) ခရစ်တော်နဲ့အတူ ကောင်းကင် (သို့) ခရစ်တော်မပါသော ငရဲသို့ ဝင်စားကြရသည်။

### *Heaven ကောင်းကင်ဘုံ*

ဘုရားသခင်၏ သန့်ရှင်းသူတို့သည် ကောင်းကင်ဘုံမှာ ထာဝရနေထိုင်ရမည်။ (ဗျာဒိတ် ၂၁း ၁- ၂။ ၂ ကော ၅း ၁။ ယောဟန် ၁၄း ၂- ၃) ကျမ်းစာအရ သခင်ယေရှုသည် ယုံကြည်သူတို့အတွက် နေစရာအရပ် ပြင်ဆင်ဖို့ ခမည်းတော်ဘုရား၏ အိမ်တော်သို့ သွားနှင့်သည်။ (ယောဟန် ၁၄း ၂) "ငါရှိရာအရပ်၌ သင်တို့ ရှိစေခြင်းငှါ" "ငါသည် တဖန် ပြန်လာမည်" ဟု မိန့်တော်မူသည်။ ဘုရားဝတ်ပြုရာ၊ စင်ကြယ်သန့်ရှင်းရာ၊ ငြိမ်းချမ်းရာ အရပ်၊ "ဘုရားသခင်ကို ချစ်သောသူတို့အတွက် ပြင်ဆင်တော်မူသော" ပြော၍ မမှီနိုင်သော အံ့သြဖွယ်အရပ် ဖြစ်သည်။ (၁ ကော ၂း ၉)။ "ကောင်းကင်၊ မြေကြီး၊ မြေကြီးအောက်၊ သမုဒ္ဒရာအထဲ၊ အရပ်ရပ်တို့၌ ရှိရှိသမျှသော ဝေနေယျသတ္တဝါအပေါင်းတို့" ဘုရားသခင်ကို ဝတ်ပြုကြရာ အရပ်ဖြစ်သည်။ (ဗျာဒိတ် ၅း ၈- ၁၄)။ ညစ်ညူးသောအရာ၊ စက်ဆုတ်ဖွယ်အရာ၊ လိမ်ညာသောအရာ မှန်သမျှ မဝင်ရသော အရပ်ဖြစ်သည်။ (ဗျာဒိတ် ၂၁း ၂၇) အံ့မခန်း လှပသော၊ ရတနာစုံသော၊ ကြည်လင်သော ရွှေစင်ခင်းသော၊ အံ့ဖွယ် တည်ဆောက်ထားသော၊ အလှဆုံး ဝတ်ဆင်ကြသော အရပ်ဖြစ်သည်။ (ဗျာဒိတ် ၂၁)။ ဘုရားသားတော်ကြောင့် ကောင်းကင်မြို့တော်က လင်းနေမည်။ (ဗျာဒိတ် ၂၁း ၂၃)။ မျက်ရည်များ သုတ်ပေးရာ၊ သေခြင်းမရှိ၊ ဝေဒနာမရှိ၊ ဝမ်းနည်းခြင်း၊ ငိုကြွေးခြင်း မရှိရာ အရပ် ဖြစ်သည်။ (ဗျာဒိတ် ၂၁း ၄)

### *Hell ငရဲ*

ကယ်တင်ရှင်ကို ငြင်းပယ်သူတို့သည် မိမိတို့အပြစ်ထဲမှာ သေနေပြီး၊ အချိန်ကျသောအခါ သင်္ချိုင်းထဲမှ ထမြောက်ကာ အပြစ်ပေးခြင်း ခံရမည်။ (ယောဟန် ၈း ၂၄။ ယောဟန် ၅း ၂၈- ၂၉)။ မာနတ်နှင့် သူ၏ ကောင်းကင်တမန်တို့အဖို့ ပြင်ဆင်သော မီးငရဲအိုင်သို့ ပစ်ချခံရလိမ့်မည်။ "ကမ္ဘာအဆက်ဆက် နေ့ညမပြတ်" ငိုကြွေးမြည်တမ်းကြရလိမ့်မည်။ (ဗျာဒိတ် ၂၀း ၁၀၊ ၁၄- ၁၅။ ၂ သက် ၁း ၈- ၉။ လုကာ ၁၆း ၂၃။ ဗျာဒိတ် ၂၁း ၈) ကြောက်စရာကောင်းသော အရပ်ဖြစ်သည်။ ဘုရားသခင်၏ ဘုန်းတော်နှင့် ထာဝရ ဝေးကွာရာအရပ် ဖြစ်သည်။ အရှက်ကွဲရာ၊ အမျက်တော်ခံရာ၊ ဒုက္ခခံစားရာ၊ အံသွားခဲကြိတ်ရာ အရပ်၊ အဆုံးမဲ့ကာလ ဖြစ်သည်။ (ဗျာဒိတ် ၂း ၅- ၆၊ ၈- ၉)။

## SALVATION AND JUSTIFICATION ကယ်တင်ခြင်းနှင့် ဖြောင့်မတ်ခြင်း

ခရစ်တော်က လူတိုင်းအတွက် အသေခံသည်။ (ဟေဗြဲ ၂း ၉)။ ခရစ်တော်၏ အပြစ်ကြွေး အကြေဆပ်ပေးခြင်းကို အားကိုးသူတိုင်း၊ နောင်တရသူတိုင်းကို ကယ်တင်သည်။ (ယောဟန် ၃း ၁၆။ ယောဟန် ၁း ၂၉။ ၁ ယော ၂း ၂။ ၁ တိ ၂း ၄။ ယောဟန် ၁၀း ၉။ ရောမ ၁၀း ၁၃။ ဗျာဒိတ် ၂၂း ၁၇။ ရောမ ၁း ၁၆။ ၂ ပေ ၃း ၉)။ ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းရသည်။ (ဖေက် ၂း ၈- ၉) ကားတိုင်ပေါ်မှာ ခရစ်တော် အသွေးတော်သွန်းသောကြောင့်သာ ဖြစ်သည်။ လူ့လုပ်ဆောင်မှု တခုမှ မပါပါ။ (ဟေဗြဲ ၉း ၁၂- ၁၄။ တိတု ၃း ၅- ၇။ ရောမ ၅း ၉)။ ကိုယ့်အပြစ်ကြောင့် ဒဏ်ခံသင့်သော်လည်း ခရစ်တော် ကိုယ်စားအသေခံ၍သာ ဖြောင့်မတ်ရာသို့ ရောက်သည်ဟု သတ်မှတ်ခံရသည်။ ကယ်တင်ခြင်းသည် ဘုရားက လူကိုသနား၍ ရှာယူ ကယ်တင်ခြင်း ဖြစ်သည်။ (လုကာ ၁၉း ၁၀)။ ဘုရားက သနား၍ သားတော်ကိုစေလွှတ်သည်။ အပြစ်ကြွေးအတွက် ပေးဆပ်ခိုင်းသည်။ (၁ပေ ၂း ၂၄။ တိတု ၂း ၁၄။ မာကု ၁၀း ၄၅)။ ခရစ်တော် အသွေးသွန်းပြီး ရွေးနှုတ်သောကြောင့်သာ ကယ်တင်ခြင်း ရရသည်။ ယုံကြည်ခြင်းအားဖြင့် အပြစ်လွတ်ကြောင်း၊ ဖြောင့်မတ်ကြောင်း အကြေငြာခံရသည်။ (ရောမ ၅း ၁။ ယောဟန် ၃း ၃၆။ ရောမ ၁၀း ၉- ၁၀။ ယောဟန် ၃း ၁၈)။

### *Repentance နောင်တ*

လူသည် ကိုယ့်အပြစ်ထဲမှာ သေနေသည်။ (ဖေက် ၂း ၁။ ကောလောသဲ ၂း ၁၃)။ ခမည်းတော် မသွေးဆောင်လျှင် အဘယ်သူမျှ ခရစ်တော်ထံ မလာနိုင်။ (ယောဟန် ၆း ၄၄)။ ဘုရားက လူတိုင်းကို နောင်တရဖို့ ခေါ်ပါသည်။ (တမန် ၁၇း ၃၀။ တမန် ၃း ၁၉။ မသဲ ၄း ၁၇။ မသဲ ၃း ၂- ၁၁။ လုကာ ၁၃း ၃။ ယေဇကျေလ ၁၈း ၃၀- ၃၁)။ အပြစ်သားဖြစ်ကြောင်း ဝန်ခံလျက်၊ ဘုရားအမျက်တော်ကို ကြောက်ရွံ့ကာ အသက်ရှင်သော ဘုရားထံ လှည့်ပြန်ဖို့ပဲ လိုသည်။ (ယေဇကျေလ ၃၃း ၁၁။ သုတ္တံ ၉း ၁၀။ ဒေသနာ ၁၂း ၁၃)။ ဤသည်မှာ နောင်တသို့ ဦးတည်သော အလိုတော်နှင့်ညီသော ဝမ်းနည်းခြင်း ဖြစ်သည်။ (၂ ကော ၇း ၁၀)။ အသက်တာ ပြုပြင်ပြောင်းလဲခြင်း reformation မဟုတ်ပါ။ အပြစ်ရှိကြောင်း သိရုံ၊ ကိုယ်ကိုကိုယ် မကယ်တင်နိုင်ရုံ၊ ထာဝရငရဲသို့ ဦးတည်နေကြောင်း သိရုံ၊ ခရစ်တော်သာ မြော်လင့်ရာဖြစ်ကြောင်း ဝန်ခံရုံသာ ဖြစ်သည်။ (တမန် ၄း ၁၂)။

### *Regeneration အသစ်တဖန် မွေးဖွါးခြင်း*

ဝိညာဉ်တော်အားဖြင့် တဖန်မွေးဖွါးဖို့ လိုသည်။ လူသစ်ဖြစ်လာမည်။ ဝိညာဉ်တော်က ဝိညာဉ်ထည့်ပေးပြီး စိတ်သဘော အသစ်ကိုရမည်။ (၂ ကော ၅း ၁၇။ ယေဇကျေလ ၁၈း ၃၀- ၃၁)။ မွေးဖွါးခြင်းသည် အကြာကြီး မွေးနေခြင်း မဟုတ်ပါ။ တခဏခြင်းမှာ ဝိညာဉ်တော်က မွေးပါသည်။ တခါပြန် မမွေးလျှင် ကောင်းကင် မဝင်ရပါ။ (ယောဟန် ၃း ၃)။ ဝိညာဉ်တော် မွေးသူသည် ဇာတိ၊ အသွေးအသား၊ လူ့သဘောအတိုင်း မွေးဖွါးသူ မဟုတ်ဘဲ၊ ဘုရားသခင် မွေးဖွါးသူ ဖြစ်သည်။ (ယောဟန် ၁း ၁၃)။ အပြစ်ထဲမှာ သေနေရာမှ ဝိညာဉ်တော်က အသက်ရှင်စေသည်နှင့် ချက်ချင်း မွေးဖွါးသွားသည်။ (ရောမ ၆း ၁၃။ ဖေက် ၂း ၁၊ ၄း ၂၄။ ကောလောသဲ ၂း ၁၃)။ ထာဝရအသက်ကို ချက်ချင်း ပေးသည်။ စိတ်သဘောအသစ်ကိုလည်း ရသည်။ ဘုရားစကား နားထောင်ချင်လာသည်။ (ရောမ ၈း ၁- ၂။ ယေဇကျေလ ၃၆း ၂၆- ၂၇) အသစ်တဖန် မွေးဖွါးသောအခါ အပြစ်လွှတ်ခံရပြီး၊ ရွေးနှုတ်ခံရသည်။ အပြစ်တန်ခိုးမှ အကယ်ခံရပြီး၊ တနေ့သောအခါ အပြစ်ကိုပင် ပယ်ရှင်းပေးမည်။ (ယောဟန် ၃း ၁၆။ ရောမ ၈း ၁- ၂။ ၁ ယော ၃း ၂။ ဗျာဒိတ် ၂၁း ၂၇)။

### *Sanctification သန့်ရှင်းစေခြင်း*

သန့်ရှင်းခြင်းက မွေးဖွါးခြင်းလို ချက်ချင်းမဟုတ်ဘဲ၊ ဝိညာဉ်တော်အားဖြင့် ဆက်တိုက် လုပ်ဆောင်ပေးရသည်။ မွေးဖွါးကြောင်း ပြင်ပသက်သေ ဖြစ်သည်။ (ယာကုပ် ၂း ၁၇၊ ၂၀။ တိတု ၂း ၁၄။ ယေဇကျေလ ၃၆း ၂၇။ ရောမ ၈း ၂၊ ၁၃၊ ၁၆)။ အဓိပ္ပါယ်လည်း အမျိုးမျိုး ရှိသည်။

ပထမအဓိပ္ပါယ်က လူသည် ဘုရားနှင့်ဝေးကွာနေရာမှ တဖြည်းဖြည်း နီးလာစေသည်။ (၁ ပေ ၁း ၁၅- ၁၆။ ၂း ၉)။ ဒုတိယအဓိပ္ပါယ်က သခင်ယေရှုနှင့်တူအောင် ပုံသွင်းပေးနေခြင်း ဖြစ်သည်။ (ရောမ ၈း ၂၉။ ဖေက် ၅း ၁- ၂။ ဖိလိပ္ပိ ၂း ၅။ ၃း ၁၀။ ရောမ ၁၃း ၁၄) တတိယအဓိပ္ပါယ်က လောကနှင့် သီးခြားနေစေလျက်၊

ညစ်ညူးခြင်းနဲ့ ကင်းလွတ်စေသည်။ ဝိညာဉ်တော် မ,စမှုကြောင့် ကယ်တင်ခြင်းရသူသည် ကယ်တင်ရှင်ကို သူတပါး အပြစ်မတင်အောင် အသက်ရှင်နိုင်သည်။ လောကီညစ်ညူးခြင်းများ၊ လောကီထုံးစံများ၊ လမ်းလွဲ သွန်သင်မှုများကို သီးခြားနေလာနိုင်စေသည်။ (ရောမ ၆း ၁၉၊ ၂၂။ ရောမ ၁၂း ၁၊ ၂။ ၁ ယော ၂း ၁၅- ၁၆။ ၂ ယော ၉- ၁၁။ ၂ ကော ၆း ၁၄- ၁၇)။ သန့်ရှင်းစေခြင်း Sanctification သည် regeneration မွေးဖွါးခြင်း၏ သက်သေ ဖြစ်သည်။ ခရစ်တော်ကို ယုံကြည်သောကြောင့် ဖြစ်လာရသည်။ (တမန် ၂၆း ၁၈။ ဂလာ ၅း ၁၆။ ရောမ ၈း ၅- ၉။ ယာကုပ် ၂း ၂၀။ ၁ ပေ ၁း ၁၅- ၁၆။ ၁ ယော ၁း ၆)။

### *Eternal Security ထာဝရ စိတ်ချရမှု*

ကယ်တင်ခြင်းရလျှင် ထာဝရ စိတ်ချရသည်။ ဘုရားတန်ခိုးတော်နဲ့ လုံခြုံစွာ တံဆိပ်ခတ်ထားပြီ။ (၂ ကော ၁း ၂၂။ ဖေက် ၁း ၁၃)။ ကယ်တင်ခြင်းသည် ပြန်မဆုံးရှုံးပါ။ ရွေးနှုတ်သောနေ့ရက်တိုင်အောင် တံဆိပ်ခတ်ထားပြီ။ (ဖေက် ၄း ၃၀။ ယောဟန် ၁၀း ၂၇- ၂၈)။ ဝိညာဉ်တော် တံဆိပ်ခတ်ခြင်းသည် အရေးကြီးပြီး၊ ဘေးကင်းလုံခြုံပြီး၊ ဘုရားပိုင်ကြောင်း ပြသည်။

## <u>ADDENDUM</u>: ဖြည့်စွက်ခြင်း

### *The Church အသင်းတော်*

အသင်းတော်သည် ကယ်တင်ခြင်းရပြီးသူ၊ ယုံကြည်သူတို့ အမိန့်တော်မြတ်ကို ဆောင်ရွက်ရန် အတူတကွ စုဝေးကြသော ဒေသတွင်း အဖွဲ့အစည်း ဖြစ်သည်။ ဝတ်ပြု၊ ဆုတောင်း၊ မိတ်ဖွဲ့ခြင်း၊ သွန်သင်ခြင်းနှင့် မင်္ဂလာဝတ် (ပွဲတော်နှင့် နှစ်ခြင်း) တို့ကို ပြုရာ နေရာဖြစ်သည်။
အသင်းတော်စတင်ခြင်းနှင့် တိုးပွါးခြင်းအကြောင်းကို ဓမ္မသစ်ကျမ်း၌ ရှင်းလင်းစွာ တွေ့ရသည်။ (တမန် ၁၄း ၂၇။ တမန် ၂၀း ၁၇။ ၁ တိ ၃း ၁- ၁၃။ မသဲ ၁၆း ၁၈။ တိတု ၁း ၅- ၁၁)။
ဒေသတွင်းအတွင်းတော်သည် ပြင်ပအဖွဲ့အစည်းရဲ့ ဩဇာအာဏာ လက်အောက်မှ လွတ်ကင်းသည်။ အသင်းတော်၏ ဦးခေါင်းသည် ခရစ်တော်သာ ဖြစ်သည်။ (တမန် ၂၀း ၂၈။ ကောလောသဲ ၁း ၁၈။ ဖေက် ၅း ၂၃။ ၁ ပေ ၅း ၁- ၄)။
နှစ်ခြင်းမင်္ဂလာနှင့် ပွဲတော်မင်္ဂလာကို အသင်းတော်ကာလအတွက် ကျမ်းစာနှင့်အညီ ဆောင်ရွက်ရန် ယုံကြည်သည်။ (မသဲ ၃း ၁၃- ၁၇၊ ၂၈း ၁၉- ၂၀။ တမန် ၂း ၄၁- ၄၂၊ ၈း ၃၆။ ၁ ကော ၁၁း ၂၃- ၂၆)။

### *Gifts of the Spirit ဝိညာဉ်ဆုကျေးဇူးများ*

ခဲရစ်စမက်တစ် သွန်သင်မှုများ Charismatic movement ကို လွဲမှားသည်ဟု ခံယူသည်။ ကျမ်းစာနှင့် များစွာ လွဲနေသည်ကို တွေ့ရသည်။

1. အခြားသော ဘာသာစကား၊ အနာငြိမ်းခြင်းစသည့် sign gifts of the Holy Spirit နိမိတ်လက္ခဏာဆိုင်ရာ ဆုကျေးဇူးများသည် ယာယီဟု ယုံကြည်သည်။
2. ထိုနိမိတ်လက္ခဏာ ဆုကျေးဇူးများသည် ဘုရားတန်ခိုးနှင့် အမှုတော်မြတ်အတွက် သက်သေအဖြစ် ကျမ်းစာ၌ မှတ်တမ်းတင်ခဲ့သည်။ ကယ်တင်ခြင်းရသော သက်သေ မဟုတ်ပါ။ (၁ ကော ၁း ၂၂၊ ၁၄း ၂၁- ၂၂)
3. ဝိညာဉ်တော်နှစ်ခြင်းမှာ အသစ်မွေးဖွါးချိန်တွင် ဖြစ်ပျက်ပြီး၊ ရေနှစ်ခြင်းခံချိန်တွင် ဖြစ်ပျက်ခြင်း မဟုတ်ပါ။ ရေနှစ်ခြင်းသည် ခရစ်တော် အသေခံခြင်း၊ သင်္ဂြိုဟ်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းကို ပုံဆောင်ခြင်းသာ ဖြစ်သည်။ (၁ ကော ၁၂း ၁၃)
4. ဝိညာဉ်တော်နှစ်ခြင်းနှင့် ဝိညာဉ်တော်ပြည့်ဝခြင်းတို့အတွက် အခြားသောဘာသာစကားသည် ဖြစ်လေ့ဖြစ်ထ တခု မဟုတ်သလို၊ မလိုလည်း မလိုအပ်ပါ။ ကျမ်းစာအနက်ဖွင့်ခြင်းဆိုင်ရာ "rule of first use" ပထမအကြိမ် အသုံးပြုပုံ စည်းမျဉ်းအရ တမန် ၂း ၁- ၁၂ တွင် ဘာသာစကား အစစ် တို့ကိုသာ သုံးခဲ့သည်မှာ ထင်ရှားသည်။
5. ယုံကြည်သူ ဆုတောင်းသောကြောင့် အနာငြိမ်းလေ့ရှိသော်လည်း လုံးဝအနာငြိမ်းခြင်းနှင့် သေခြင်းမှ

လွန်မြောက်နိုင်ခြင်းမှာ ထမြောက်သောနေ့မှာသာ အပြည့်အဝ ရနိုင်မည်ဟု ယုံကြည်သည်။ (၁ ကော ၁၅း ၅၂- ၅၅။ ဗျာဒိတ် ၂၁း ၄)

6. နိမိတ်လက္ခဏာ ဆုကျေးဇူးများကို အာရုံစိုက်ခြင်းသည် အသင်းတော်ကို စိတ်အလိုလိုက်မှု အလွန်အကျွံ excessive emotionalism ဖြစ်စေသည်။ ဝတ်ပြုကိုးကွယ်ခြင်း အတွေ့အကြုံကိုသာ တွန်းတင်နေခြင်း ဖြစ်သည်။ ထိုမှတဆင့် သမ္မာကျမ်းစာတွင် ဖေါ်ပြသော ကယ်တင်ခြင်းတရားထက် ကိုယ်၌ဖြစ်သော နိမိတ်လက္ခဏာကို ရှာရင်း introspection for assurance of salvation ကိုယ်ကိုကိုယ် ကယ်တင်ခြင်းရ၊ စိတ်ချမှု ရှိသယောင် ထင်မှားစေသည်။